# နွယ်နှင်း

ယဉ်ယဉ်နု(မန္တလေး)



design Myo Nyi Nyi Htun 09-43062439

# အမှာစာ

၂၀၀၉ ခုနှစ်အတွင်းက စာရေးဆရာ မိတ်ဆွေများနှင့် ကျွန်မတို့ မန္တလေးမှာ ကလေးသို့ စိုးမိုးသူ ဗင်ကားလေးနှင့် စာပေဟောပြောပွဲ ခရီးထွက်ခဲ့ကြတယ်။ မနက် (၇) နာရီမှ ည (၇) နာရီအထိ တစ်နေကုန် ခရီးတွင် စကားတွေက ဦးတည့်ရာ တောင်ရောက်မြောက်ရောက်

"နံရံပေါ်မှာ ဓာတ်ပုံတွေ ပျောက်ဆုံးနေတာ ကြာပြီဗျ"

"နံရံပေါ်ကို ဓာတ်ပုံတွေ ပြန်ရောက်စေချင်ပါတယ်"

"နံရံပေါ်မှာ ဓာတ်ပုံတွေ ရှိခြင်း၊ မရှိခြင်းထက် ကျွန်မတို့ ရင်ထဲမှာ အမြဲတမ်းရှိနေဖို့ လိုပါတယ်"

"ဟာ... ဒါ အမြဲတမ်း ရှိနေပြီးသားပါ"

စကားသံတွေ တိတ်သွားကြသည်။ အားလုံး ရင်ထဲမှာ အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြသည်။ အကြာကြီး နေမှ "ဒီအကြောင်းကို နုနု ဝတ္ထုရေးရင် ကောင်းမှာ... ရေးပါလားဟင်" ဆန္ဒပြုသူကို အဲဒီ နေ့က ကျွန်မ အဖြေမပေးနိုင်ခဲ့ပါ။ ဒါပေမယ့် ရင်ထဲမှာ သန္ဓေတည်ခဲ့သည်ကို ကိုယ့်ဘာသာ သတိပြုခဲ့မိသည်။ ထိုအချိန်က ကောင်းကင်ယံတွင် တိမ်မဲညိုတို့ ပြာရီမှိုင်းကာ မို့မို့မို၊ ညို့ညို့ညိုဆဲ ကာလ ဖြစ်လေသည်။

ဝတ္ထု Presentation ကို စဉ်းစားပြီး ရေးမယ်လုပ်တော့ ညာဘက်လက်နှင့် စာမရေး နိုင်သည့် ကျွန်မအတွက် အခက်အခဲကို မယ်တင့်က ဖြေရှင်းပေးခဲ့သည်။ ကျွန်မ မအားလပ်သည့် အခါ အလုပ်ရှုပ်နေသည့်အခါများကို သည်းခံစောင့်ဆိုင်းပြီး ဝတ္ထုပြီးအောင် ရေးပေးခဲ့သည့် မယ်တင့်၏ ကျေးဇူးကို

မှတ်တမ်းတင်အပ်ပါသည်။ နွယ်နှင်း ဂုတ္တကုက ဧပြီ၊ မေ၊ ဇွန် သုံးလ အခန်းဆက် ဂုတ္တုရှည်အဖြစ် ကလျာမဂ္ဂဇင်းတွင် ဖော်ပြပြီး ဖြစ်ပါသည်။

ယခုအခါတွင်မူ နံ့နက်ခင်း၏ နွေးထွေးသော နေရောင်ခြည်နုသစ်အလင်းတန်းများကို ကျွန်မတို့ ခံစားမျှော်လင့်နိုင်ပြီ ဟု ထင်ပါသည်။

ယဉ်ယဉ်နု (မန္တလေး)

# နွယ်နှင်း

ဖေဖေက အေမီကို အိမ်သို့ ခေါ်လာသောနေ့က မိုးတွေ သည်းသည်းမဲမဲ ရွာနေပါသည်။ ကားတံခါးကို ဖေဖေက တလေးတစားဖြင့် အရေးတယူ ဖွင့်ပေးလိုက်သောအခါ ကျောက်မျက် စီခြယ်ထားသော ဒေါက်ဖိနပ်ကလေးနှင့် ဖြူဖွေးသော ခြေထောက်ကလေးကို နှင်းလဝန်း ဂရုတစိုက် စောင့်ကြည့်နေမိသည်။ အပြင်မှာ မိုးသည်းသည်း ရွာနေသလို နှင်းလဝန်း ရင်ထဲမှာလည်း မျက်ရည်မိုးတွေ သည်းသည်းမဲမဲ ရွာနေပေမယ့် မျက်လုံးအိမ်ထဲမှာ မိုးတစ်စက်မှ မရှိအောင် မာန်တင်းထားခဲ့ရတယ်။ နှင်းလဝန်းဘေးတွင် ရပ်နေသော ဒေါ်ကြီးငွေမက နှင်းလဝန်းလက်ကလေးကို အားပေးသလို ဆုပ်ကိုင်ထားသည်။ ရှပ်အကျႌ နုံ့သာရောင် လက်တိုလေးနှင့် လူပျိုလေးတစ်ယောက်လို နုပျိုလှပနေသော ဖေဖေက အပြုံးမျက်နှာနှင့် “လာလ ဧည့်ခန်းထဲကို အားလုံးလာ၊ အေမီနဲ့ မိတ်ဆက်ပေးရမယ်၊ သမီးလည်း လာ၊ အေမီ ဒါ အစ်ကိုကြီးသမီးလေ နှင်းလဝန်းတဲ့”

နှင်းလဝန်းကို လှမ်းကြည့်လိုက်တော့ အေမီ၏ မျက်လုံးထဲမှာ အရိပ်တစ်ခု ဖြတ်ပြေးသွားသလို ခံစားလိုက်ရသည်။ နှင်းလဝန်းကတော့ အေးချမ်းတဲ့ ပုံစံဖြစ်အောင် တမင်လုပ်ယူထားရပေမယ့် အမူအရာက ပိရိသေသပ်နေမှာ မဟုတ်တာ ကိုယ့်ကိုယ်ကို သိနေသည်။ နှင်းလဝန်းဆိုတာ မေမေ့လို အေးချမ်းသည်းခံတတ်ပေမယ့် တစ်စက်ကလေးမှ ဟန်မဆောင်တတ်တာ ကိုယ့်ဘာသာ သိသည်။ ပျော်နေတဲ့ ဖေဖေဟာ ပြီးခဲ့သော ရက်များက ဆူညံပေါက်ကွဲခဲ့သော ဖေဖေ မဟုတ်သလို တခြားစီ ဖြစ်နေလေသည်။

“ဘာတဲ့လဲ ငါ ဘကောင်လဲ၊ မိန်းမတစ်ယောက်က ရက်ရက်စက်စက်

စွန့်ပစ်သွားရ လောက်အောင် ငါ ဘာအပြစ်တွေ လုပ်ခဲ့လို့လဲ၊ သမီးပြောစမ်း။ ဖေဖေ့မှာ ဘာအပြစ်တွေ ရှိလဲ၊ ဘယ်လောက်များ ကြီးကျယ်နေလို့လဲ”

တစ်သက်နဲ့ တစ်ကိုယ် နှင်းလဝန်းဟာ ဖေဖေ အော်ဟစ်ဆူညံပေါက်ကွဲတာကို ပထမဦးဆုံး အကြိမ် တွေ့ခဲ့ရသည်။ မေမေနှင့် ဖေဖေတို့၏ သိမ်မွေ့သော ပဋိပက္ခကြားမှာ နှင်းလဝန်း ဘယ်သူ့ဘက်က လိုက်ရမှာလဲ၊ ဘာမှမပြောဘဲ ဘာကိုမှ မတောင်းဆိုဘဲ ပြဿနာကို တိတ်ဆိတ်စွာ တိမ်းရှောင်သွားသော မေမေ့ကို သနားရမှာလား၊ အပစ်ပယ်ခံရသည့် အစွန့်ပစ်ခံလူသား ဖေဖေ့ကို သနားရမှာလား၊ အမေက ထားသွားပြီး အဖေက ဆူညံပေါက်ကွဲနေသည့် ကြားထဲမှာ မြေဇာပင်လုံးလုံး ဖြစ်နေသည့် ကိုယ့်ကိုယ်ကို သနားရမှာလား နှင်းလဝန်း မဝေခွဲနိုင် ဖြစ်ခဲ့ရသည်။

“ရော့ ဒီဓာတ်ပုံကြီး ဖြုတ်ပစ်လိုက်ကွာ ငါ မကြည့်ချင်ဘူး”

အခန်းပေါက်ဝမှ ကုပ်ကုပ်ကလေး လှမ်းကြည့်နေသော ဒေါ်ကြီးငွေမနှင့် စောကြူက ပြေးလာပြီး ဖေဖေ့လက်ထဲမှ မေမေ့ပုံကို လှမ်းယူ၍ နှင်းလဝန်းလက်ထဲကို ထည့်ပေးသည်။ နှင်းလဝန်း မေမေ့ပုံကို တယုတယ တမြတ်တနိုး ထွေးပိုက်ငုံ့ကြည့်မိသည်။ ဓာတ်ပုံထဲတွင် မေမေက စံပယ်ပန်းတွေ ဝေနေအောင် ပန်ထားပြီး ပြုံးပြုံးကလေး ကြည့်နေသည်။ ဓာတ်ပုံကို ပိုက်ပြီး ခေါင်းငုံ့၊ အခန်းထဲမှ ထွက်တော့ ရော့ ဒီဥစ္စာပါ ယူသွားဟု ဖေဖေက ပစ်ပေးလိုက်သည့် ဖဲကြိုးပြာနှင့် ဆုတံဆိပ်ကလေးက နှင်းလဝန်းခြေရင်းသို့ ကျလာ၍ ငုံ့ကောက်ယူလိုက်ရသည်။ မေမေ တက္ကသိုလ်တုန်းက ရေကူးချန်ပီယံ ဆုတံဆိပ်ကလေးကို ဖေဖေက ဧည့်သည်လာတိုင်း ကျုပ်မိန်းမက ရေကူးချန်ပီယံဗျ ကြွားရင်း တံဆိပ်ကလေးကို ပြတတ်ပေမယ့် အခုတော့ အလိုမရှိတော့ပြီ။

“သွားကွာ သွားကွာ အားလုံး သွားကြစမ်း”

ဆူညံအော်ဟစ်ပေါက်ကွဲနေသည့် ဖေဖေသည် သုံးရက်အတွင်း ဘယ်လို

ဆုံးဖြတ်လိုက်သည် မသိ၊ ကနေ့တော့ ပျော်မြူးပြုံးရွှင်၍ အေမီကို အိမ်သို့ ခေါ်လာခဲ့ပေသည်။

"သမီး ဘာတွေ စဉ်းစားနေတာလဲ၊ ဖေဖေပြောတာ ကြားရဲ့လား"

"ဟင် ဖေဖေ"

မဝေးသေးသော အတိတ်ကာလကို ပြန်စဉ်းစားနေသည့် နှင်းလဝန်း ဆတ်ခနဲ နိုးသွားသည်။ အေမီက ဖေဖေ့လက်မောင်းကို တွဲခိုရင်း ရယ်မောနေသည်။ အေမီဘေးက အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း လူငယ်တစ်ယောက်ကလည်း နှင်းလဝန်းကို ငေးကြည့်နေသည်။ သူ ဘယ်သူပါလိမ့်။

"ဖေဖေ ပြောနေတယ် သမီး၊ အေမီနဲ့ သူ့မောင် မောင်သက်ခိုင် ဒီအိမ်မှာ နေလိမ့်မယ်၊ အေမီက ဒီအိမ်ကြီးရဲ့ အိမ်ရှင်မ ဖြစ်သွားပြီ၊ သူဟာ အိမ်ရှင်မတစ်ယောက်လို အိမ်ရဲ့ အရေးကိစ္စ အဝဝကို အုပ်ချုပ်လိမ့်မယ်။ သူ့ကို စိတ်ချမ်းသာစေချင်တယ်။ သမီးတို့အားလုံး နားလည်ပေးကြပါ"

"သမီး စိတ်ချမ်းသာမှုကို ဖေဖေ မတွေးတော့ဘူးလား၊ သမီးကိုရော နားလည်မပေး တော့ဘူးလား" ဟူသည့် စကားများကို နှုတ်ဖျားမှ ထွက်မလာအောင် နှင်းလဝန်း နှုတ်ခမ်းကို နာနာ ဖိကိုက်ထားလိုက်ရသည်။

ဒေါ်ကြီးငွေမက လက်တို့သတိပေး၍ နှင်းလဝန်း ဣန္ဒြေဆယ်လိုက်ရသည်။မေမေက အားလုံးကို စွန့်ပစ်သွားခဲ့ပြီ။ ဖေဖေက နောက်ထပ် မိန်းမတစ်ယောက်ကို ခေါ်လာခဲ့သည်။ ဒီကိစ္စမှာ နှင်း ပြောပိုင်ခွင့် မရှိတော့ပြီလား။ ဒါပေမယ့် နှင်း ပြဿနာရှာရင် ဖေဖေက နောက်ဆုတ် မှာတဲ့လား။ ကမ္ဘာလောကပေါ်မှာ တစ်ဦးတည်း အားထားရာဖြစ်သည့် ဖေဖေနှင့် မခွဲနိုင်ပါ။ ဖေဖေ့ရင်ခွင်ကိုပါ နှင်း မပျောက်ဆုံးချင်ပါ။ ဒါကြောင့် အေမီကို ဘယ်လိုမှ မကြည်ဖြူနိုင်ပေမယ့် နှင်း မြိုသိပ်ကြိတ်မှိတ်ပြီး နေနိုင်အောင် ကြိုးစားရပေမည့်။ တကယ်လာတော့ အေမီက တစ်ယောက်တည်းမလာ၊ အဖော်ပါလာလေသည်။

အဖော်၏ မျက်ဝန်းညိုညိုများကို နှင်း စောင့်ကြည့်ရပေလိမ့်မည်။ ထိုညသည် မိုးတဖြိုက်ဖြိုက်ကြားက လျှပ်စီးတဝင်းဝင်း မိုးတခြိမ်းခြိမ်းနှင့် နှင်း လူးလိမ့်ပြီး မေမေ့ကို တမ်းတရင်း အိပ်ပျော်သွားခဲ့သည်။ တစ်ခဏလေးဟု နှင်း ထင်သည့် အချိန်မှာ မိုးလင်းနေပြီ။ နှင်း ကမန်းကတမ်း အခန်းတံခါးကို ဖွင့်လိုက်သည်။

"ဟင် ဒေါ်ကြီးတို့"

နှင်း အံ့ဩသွားအောင် စင်္ကြံလမ်းတွင် ဒေါ်ကြီးငွေမနှင့် စောကြူတို့ စောစောစီးစီး ဗန်းကြီးဗန်းငယ်နှင့် တွေ့လိုက်ရသည်။ ဗန်းပေါ်က တစ်ထွာလောက် အစ်ကလေးတွေကို စပ်စုကြည့်ရင်း အောက်ထပ်သို့ ဆင်းလာခဲ့သည်။ နှင်ကို နံနက်စာဝိုင်းက ကြိုနေသည်။

"မမနှင်း၊ မုန့်ဟင်းခါး စားမှာလား၊ ပဲပြုတ်နှင့် ထမင်းကြော်လား"

နှင်း စားပွဲမှာ ထိုင်နေတုန်း ဒေါ်ကြီးငွေမက အိမ်ပေါ်က ဆင်းလာသည်။

"အမလေးတော်၊ မိုလင်းစ ရှိသေးတယ်။ ဟိုတယ်ကကားကြီးက အိမ်ပေါက်ဂ ရောက်နေပြီ။ ဒေါ်အေမီက ဖုန်းဆက်ပြီး မှာလိုက်တာတဲ့တော်။ တရုတ်စာတဲ့၊ ဒင်မဆန်းဆိုလား မသိဘူး၊ အစ်တွေ ပေးခဲ့တာပဲ၊ ကျုပ် သုံးသောင်းခွဲ ရှင်းလိုက်ရတယ်။ နှင်းကလေးရေ သတိသာ ထားပေတော့ မနက်စာတင် သုံးသောင်းခွဲတဲ့ ကျုပ်တို့ မနွယ်နှင်းနဲ့တော့ ကွာပ။ မနွယ်နှင်းက အင်မတန်ရိုးတဲ့ မိန်းမ။ ထမင်းကြော်က လွဲလို့ ဘာမှ စားတာ မဟုတ်ဘူး။ ပဲပြုတ်နှင့် နံပြား စားချင်တယ်လို့ တစ်ခါတလေမှ ပြောတာ၊ သူ့ဖို့များ သုံးသောင်းခွဲ အကုန်ခံမယ့်မိန်းမ မဟုတ် အဲ... အဲတော့... ဟို... ဟို... ဟို မောင်သက်ခိုင်ပါလား၊ ဟဲ... ဟဲ နိုးလာပြီလား၊ လာလေ၊ ထိုင်လေ၊ ဘာစားမှာတုန်း မုန့်ဟင်းခါး၊ ထမင်းကြော်၊ ကော်ဖီ"

ဒေါ်ကြီးငွေမ အားရပါးရ အတင်းပြောနေစဉ် ကိုသက်ခိုင် အခန်းထဲကို ဝင်လာသည်။ ဒေါ်ကြီး ကိုးလို့ကန့်လန့် ဖြစ်သွားကာ ကြည့်ရင်း နှင်းလဝန်း

ပြုံးမိတော့မလို ဖြစ်ပြီးမှ ရင်ထဲ မကောင်း ဖြစ်သွားသည်။ ကိုသက်ခိုင်က ထမင်းစားခန်းထဲ ဝင်လာပြီး နှင်းလဝန်းကို တစ်ချက် စိုက်ကြည့်သည်။ ပြီးမှ ဒေါ်ကြီးငွေမဘက် လှည့်၍ "ကျွန်တော် ထမင်းကြော်ပဲ စားပါ့မယ် ဒေါ်ကြီး" ဟု ပြောသည်။ ဒေါ်ကြီးက ပျာပျာသလဲ ထမင်းကြော်ကို ပန်းကန်ပြားထဲ ထည့်ပေးသည်။ ကြက်ဥကြော် ယူဦးမလားကလေးဟု မေးတော့ ကိုသက်ခိုင်က ခေါင်းခါပြသည်။ နှင်းလဝန်းက ခေါင်းကိုငုံ့ပြီး မျက်လွှာချ ထမင်းကြော် စားနေသော ကိုသက်ခိုင်ကို စေ့စေ့ကြည့်နေပေမယ့် သူကတော့ တစ်ချက်မှ မော့မကြည့်။ ထမင်းကြော်စားပြီး အခန်းထဲက ထွက်သွားသည်အထိ နှင်းလဝန်းကို စကားတစ်ခွန်းမှလည်း ပြောမသွားချေ။

"ဒီနေ့ အဝေးဖိတ်နော် စောကြူ ဈေးသွား၊ ထုံးစံအတိုင်း ဝက်သားသုံးပိဿာလောက် ဝယ်ခဲ့။ အိမ်အတွက်က သီးသန့်နော်၊ အဲဒါက မနေ့ညက ဈေးဖိုးပေးပြီးသား"

ဒေါ်ကြီးစကား ကြားတော့ ခါတိုင်း အဝေးဖိတ်နေ့တွင် မေမေ ပြောနေကျစကားပါလား ဆိုပြီး နှင်းလဝန်းစိတ်ထဲမှာ မေမေ့ကို လွမ်းဆွတ်လာသည်။

"ဆီစက်ဘက်က လူတွေ ဘာထူးသေးလဲ"

"နှင်းကလေးကို အဲဒါပြောမလို့ပေါ့။ ဆီစက်က လူတွေက မနွယ်နှင်း မရှိပေမယ့် မပူပါနဲ့ မှာလိုက်တယ်။ အင်း... ခဏတော့ ပုံမှန်အတိုင်း လည်ပတ်နေကြမှာပေါ့လေ။ ကြာရင် ဘာဖြစ်မယ်၊ ဘယ်သူမှ မပြောနိုင်ဘူး"

အပေါ်ထပ်က ဖေဖေနဲ့ မအေမီကလည်း ဆင်းမလာသေး၊ နှင်း ဘာမှလုပ်စရာ မရှိတာကြောင့် မီးဖိုထဲမှာပဲ ဒေါ်ကြီးငွေမကို ကူရင်း ထိုင်နေမိသည်။ တဖြည်းဖြည်း နေမြင့်လာပြီ။ ဒေါ်ကြီးငွေမ မှာလိုက်သည့် ဝက်သားဟင်းလည်း ကျက်ပြီ။

"ဆယ်နာရီခွဲပြီဟေ့ ချဉ်ပေါင်နဲ့ မျှစ်ချဉ်ရည်ဟင်း မြန်မြန်ချက်၊ ခဏနေရင် ဆရာလေးတွေ လာတော့မယ်"

ဒေါ်ကြီးငွေမ အသံမဆုံးခင် အိမ်ရှေ့မှ ခမ္ဘလက်ာတွေ ရွှတ်သံ ကြားရပြီ၊ ထီးညိုလေးတွေ ဆောင်း၍ မြို့ဦးစာသင်တိုက်မှ ဆရာလေးတွေ ဆွမ်းဆန်ခံလာကြပြီ။ မေမေရှိစဉ်က ထုံးစံအတိုင်း ဆရာလေးတွေ ဆွမ်းစားလျှင် နှင်းလဝန်းတို့ခြံကြီး လက်ယာဘက်ခြမ်းက သစ်ပင်ကြီးတွေ အောက်က ကွပ်ပျစ်တွေပေါ်မှာ စားကြမှာ၊ မေမေက တစ်ပတ်တစ်ခါ ဆွမ်းဟင်း ကုသိုလ် လုပ်နေကျ ဖြစ်သည်။ ဝက်သားဟင်းအိုး မ,၍ ခြံထဲဆင်းသွားသည့် စောကြူနောက်က နှင်းလဝန်း လိုက်လာခဲ့သည်။ သီလရှင်ဆရာလေးတွေက ကွပ်ပျစ်ပေါ်မှာ သူတို့ ဆွမ်းချိုင့်လေးတွေ ဖွင့်နေပြီ။ နှင်းလဝန်း ဝက်သားဟင်း ပန်းကန်တွေကို ဆရာလေးတွေ ဆွမ်းတစ်ဝိုင်းစီ လိုက်ချပေးသည်။ ဒေါ်ကြီးငွေမက ချဉ်ရည်ဟင်းပန်းကန်တွေ ယူလာသည်။ ဆရာလေးတွေ ဆွမ်းဘုဉ်းပေးနေသည့် ကြားမှာ ခါတိုင်းလို မေမေမမြင်ရ၍ နှင်းလဝန်းရင်ထဲ ဆို့ဆို့နင့်နင့်ကြီး ဖြစ်လာသည်။

"ဒကာမလေး၊ ဒကာမကြီး မမြင်ပါလား"

"မှန်ပါ ဒကာမကြီး ခရီးသွားနေလို့ပါ ဘုရား"

"ဩော်၊ မပုညက ဒကာမကြီးက စွန်တာနီပဲပြုတ် သိပ်ကြိုက်တာလို့ ပြောတာနဲ့ ဆရာလေးက ကြက်သွန်စိမ်းလေးထည့်ပြီး သုပ်ယူလာခဲ့တာ၊ ဒကာမကြီးက ခရီးသွားနေတော့ ဆရာလေး ယူလာတာ အလကားဖြစ်ပြီပေါ့။ ရော့ ဒကာမလေးပဲ စားလိုက်၊ နေ့တိုင်း အပတ်စဉ် ဆွမ်းဝတ်ပြုနေတဲ့ ဒကာမကြီးမို့ သူကြိုက်တာလေး ဆရာလေး ယူလာတာ"

ဆရာလေးပေးသည့် ကြွပ်ကြွပ်အိတ်နှင့် ထုတ်ထားသည့် ပဲနီပြုတ်သုပ် အထုပ်ကလေးကို ကိုင်ရင်း နှင်းလဝန်းလက်တွေ တုန်လာသည်။ တင်းခံနိုင်မှုအား

မရှိတော့ ဆရာလေးတွေ ဘုဉ်းပေးနေကြသည့် ဆွမ်းဝိုင်းကို မျက်ရည်လည်လည်နှင့် ကျောခိုင်းပြီး မီးဖိုနောက်ဖေးပေါက်ဝသို့ လျှောက်လာခဲ့သည်။ မီးဖိုထဲက စကားပြောသံတွေ ထွက်နေသည်။

"အံ့ဩပါရဲ့ မယ်သီလရှင်တွေကို ဟင်းတွေ ထည့်ပေးနေတာ သူတို့ဘာသာ သူတို့ ဆွမ်းချိုင့်ပါပြီးသားကို သက်သက်မဲ့ အပိုလုပ်တယ်"

အေမီ့ အသံမှန်းသိ၍ နှင်းလဝန်းတံခါးနှင့် ကွယ်ကာ နားထောင်နေသည်။

"အင်း… အစ်ကိုကြီးကိုတော့ ပြောရဦးမယ်၊ စည်းမရှိ၊ ကမ်းမရှိ၊ ဥစ္စာဖြုန်းစားဖို့ကတဲ့လို့"

"မမ နင်ဘာတွေ လုပ်နေတာလဲ၊ သူများအိမ်ရောက်လာတာ တစ်ရက်ရှိသေးတယ်၊ နင် ဘာစဉ်းစားနေတာလဲ ဒါကုသိုလ်ရေး"

"သက်ခိုင်၊ နင် မသိဘဲ ဘာမှမပြောနဲ့၊ ဒီအိမ်မှာ မနွယ်နှင်းရဲ့ ဩဇာနဲ့ စီမံခန့်ခွဲမှုက အစ်ကိုကြီးထက် အားကြီးတယ်၊ အခု သူ မရှိတော့ဘူး။ ငါ ရောက်လာပြီး သူလုပ်တာတွေ အကုန်တစ်ခုချင်း ဖျက်ပစ်မှ ဖြစ်မှာ"

"ရှေ့လူ လုပ်သွားတာကို နောက်လူဖျက်ပစ်တိုင်း ကောင်းတယ်လို့ နင်က ထင်နေတာလား၊ ကောင်းတဲ့ အစဉ်အလာကို ဆက်ယူရမှာပေါ့"

"အို… နွယ်နှင်း လုပ်တာဆိုရင် အကုန်ဖျက်မှာ"

"မမ နင်လိုချင်တဲ့နေရာလည်း ရောက်နေပါပြီဟာ"

"ငါ့လာ မရှည်နဲ့၊ အေးအေးနေ"

အကုန်လုံး ဆွမ်းကျွေးသည့်နေရာ ရောက်နေ၍ မီးဖိုထဲမှာ လူမရှိတုန်း သူတို့မောင်နှမ နှစ်ယောက် စကားပြောနေကြပုံ ရသည်။ နှင်းလဝန်း နံရံကို မှီ၍ ရင်တွေ တထိတ်ထိတ် ခုန်နေသည်။ မအေမီဟာ သူ၏ ဩဇာသက်ရောက်ဖို့

မေမေ့ရဲ့ လက်ရာခြေရာတွေ ကောင်းတာရော၊ မကောင်းတာရော ဖျက်တော့မှာ သေချာနေပြီ။ ဒါကို နှင်း ဘယ်လို တားမြစ်ရမလဲ မသိပါ။ ဖေဖေ့ကိုလည်း ပြောလို့ရမှာ မဟုတ်ပါ။ ဖေဖေ့ကို သွားပြောလျှင် နှင်းနှင့်သာ ပြဿနာတက်ရမည်ဖြစ်သည်။ နှင်း မေမေရေဟု တ,ကာ ဟစ်ပြီး ငိုချင်လာသည်။ နှင်းက ငိုရုံငိုချင်တာ၊ တကယ်တမ်း ငိုကြသည်က ဒေါ်ကြီးငွေမတို့အုပ်စု ဖြစ်သည်။

(၂)

အဲဒီ နေ့က ညနေစောင်းမှာပင် ဒေါ်ကြီးငွေမကို မအေမီက သူတို့အိပ်ခန်းထဲမှာ ခေါ်တွေ့ခြင်း ဖြစ်သည်။ ဒေါ်ကြီးငွေမ အိပ်ခန်းထဲဝင်သွားတော့ ကိုမင်းမောင်က အိပ်ယာပေါ်မှာ လှဲနေပြီး မအေမီက မှန်တင်ခုံရှေ့မှာ ရှိနေသည်။ အခန်းထဲမှာ နေ့လယ်ခင်း မအေမီ ရှော့ပင်ထွက်ထားသော စတိုးဆိုင်များမှ အဝတ်အစားများက ကြမ်းပေါ်တချို့၊ အိပ်ယာပေါ် တချို့ အိတ်ကြီးအိတ်ငယ်များနှင့် တစ်ပုံတစ်ပင် ရှိနေသည်ကို မနည်းကွေ့ရှောင်ပြီး ဒေါ်ကြီးငွေမက မှန်တင်ခုံနားရှိ မအေမီနားသို့ သွားရပ်သည်နှင့် ကိုမင်းမောင်က စကားစပြောလေသည်။

"ဒေါ်ကြီးငွေမ ကျွန်တော့်မိန်းမ ပြောတဲ့စကားကို ဖွဲတော့ မယူနဲ့ သူက ခင်ဗျားတို့ကို ပွင့်ပွင့်လင်းလင်း ပြောလိမ့်မယ် သိလား"

"ဘုရား၊ ဘုရား… ဘာများ ပြောမလို့ပါလိမ့်" ဟု တီးတိုး ရေရွတ်ရင်း ဒေါ်ကြီးငွေမ မျက်လုံးဝိုင်းသွားသည်။ မအေမီက လှည့်ကြည့်သည်။ ပန်းနုရောင် နှုတ်ခမ်းလေးကို အသာဖွင့်၍

"ဒေါ်ကြီး ငွေမရယ် တစ်ရက်တစ်ရက် ဒီအိမ်မှာ နေ့စဉ်အသုံးစရိတ် ဘယ်လောက်ရှိလဲ ကျွန်မသိချင်တယ်"

"ဒါတော့ မိန်းကလေးရယ် နှစ်သောင်း၊ နှစ်သောင်းကျော် ပတ်ဝန်းကျင်း ရှိတယ်၊ ကြီးကြီးမားမား ဝယ်ရတဲ့အခါ ဥပမာ ဆန်၊ ဆီပေါ့လေ၊ အဲဒီ လိုအခါ ပိုများတယ်၊ ဧည့်ခံပွဲရှိတဲ့အခါ ဧည့်သည်ထမင်းကျွေးတဲ့အခါတော့လည်း ချက်တဲ့ဟင်းပေါ် မူတည်တာပေါ့"

"အင်းပေါ့၊ အဲဒါပြောတာပေါ့။ ဒီအိမ်မှာ လက်ရှိ အိမ်ရှင်မိသားစုက လေးယောက်တည်း ရှိတာလေ၊ တစ်ခါတလေ ကျွန်မတို့က အပြင်မှာ

စားကြသေးတယ်၊ ပင်တိုင်စားတဲ့သူက မောင်လေးနဲ့ နှင်းပဲရှိတာ အိတ်စရိတ်က များလွန်းအားကြီးတယ်လို့ ကျွန်မထင်တယ်။ ခြိုးခြံချွေတာရမယ်လေ၊ ဒေါ်ကြီးငွေမရယ် ဟုတ်တယ် မို့လား”

“အင်း” ဒေါ်ကြီးငွေမ လည်ချောင်းထဲမှာ အသံတစ်ချက် ထွက်သွားပြီး မျက်လုံးအကြည့်က Brand အမျိုးမျိုးဖြင့် လှပစွာ ရှိကြသော အဝတ်အစားအိတ်များကို မျက်စိရောက်သွားသည်။

“ဒီလိုရှိတယ်လေ မအေမီရဲ့ ကျွန်မတို့ စောကြူတို့၊ မာလီ ကိုထွန်းကြိုင်၊ ဒရဝမ် ကိုနိုင်ကြီး၊ ကားဆရာနှစ်ယောက်လည်း စားကြတော့ စားအိုးက ၈ ယောက်၊ ၉ ယောက်ရှိတယ်လေ၊ တစ်ခါတလေ ဆီစက်ဘက်က ကလေးမလေးကလည်း ဟင်းလာတောင်းသေးတယ်။ မနွယ်နှင်းက ပိုပိုသာသာ ချက်ဖို့ ပြောထားလို့”

“အို… အဲဒါတွေက အိမ်ရှင်တွေလား၊ ကျွန်မကို ပြောပါဦး”

ဒေါ်ကြီးငွေမ ငြိမ်သွားသည်။ မအေမီက လှပသည့် မျက်နှာလေး ပျက်ယွင်းအောင် မျက်ခုံးကို ရှုံ့ပြီး

“ကနေ့ကစပြီး အသားဟင်း ၂ ခွက်နဲ့ အသီးအနှံအစုံ ဟင်း ၄ ခွက်၊ ကျွန်မတို့ လေးယောက်ပဲ ချက်၊ အလုပ်သမားတွေအားလုံးက ငါးပိရည်ဖျော်၊ ချဉ်ရည်ဟင်း၊ ငါးပိကြော် ဒီလောက်ဆို တော်ရော့ပေါ့ ပိုက်ဆံရှာရတာ လွယ်မှတ်လို့လား၊ အစ်ကိုကြီးလည်း ပင်ပန်းရှာတယ်လေ၊ ခြိုးခြံချွေတာမှ ဖြစ်မယ် ဒေါ်ကြီးငွေမရဲ့၊ ကျွန်မပြောတာကို နားလည်းလား၊ ဆီစက်ဘက်ကိုလည်း ဟင်းပို့စရာ မလိုဘူး၊ သူတို့ကို လခပေးထားပြီးသား၊ သူတို့ဘာသာ စားလိမ့်မယ်၊ ဟင်းလာယူရင် မပေးရဘူး၊ အဲဒါ ကုန်ကျစရိတ်တွက်ပြီး မနက်တိုင်း ကျွန်မဆီမှာ ပိုက်ဆံလာထုတ်ပါ။ ဒေါ်ကြီးငွေမ သွားနိုင်ပြီ”

ဘာတစ်ခွန်းမှ မပြောနိုင်ဘဲ အခန်းထဲက လှည့်ထွက်လာခဲ့ရသည့် ဒေါ်ကြီးငွေမမှာ လှေကားက ဆင်းလာကတည်းက တရှုံ့ရှုံ့ ငိုလာခဲ့သည်။ မီးဖိုထဲမှာ

ထိုင်နေသည့် နှင်းလဝန်းက အံ့ဩတကြီး ကြည့်နေစဉ်မှာပဲ ထမင်းစားစားပွဲတွင် ဒေါ်ကြီးငွေမက ဝင်ထိုင်ပြီး ရှုက်ကြီးတငင် ငိုတာကို နှင်းလဝန်း ကြောင်ပြီး ကြည့်နေမိသည်။ စားဖိုမှူးက ပြေးလာပြီး မေးတော့ ရှုက်သံဗလုံးထွေးဖြင့် ဒေါ်ကြီးငွေမ ဖြစ်ကြောင်းကုန်စင်ကို ပြောပြ၍ အကုန်လုံး အံ့အားတသင့် နားထောင်နေကြသည်။ ဒေါ်ကြီးငွေမက...

"ကျုပ်အသားဟင်း မစားရလို့ ငိုတာ မဟုတ်ပါဘူးတော်၊ ကျုပ်တို့တောသူပါ။ မနွယ်နှင်းနဲ့ တစ်ရွာတည်းသူတွေပါ၊ ချဉ်ပေါင်ဟင်း၊ ငရုတ်သီးထောင်းနဲ့ စားနိုင်ပါတယ်။ ကျုပ် ဝမ်းနည်းတာက ကျုပ်တို့က အလုပ်သမားတွေတဲ့၊ အိမ်ရှင်မဟုတ်ဘူးတဲ့၊ အိမ်ရှင်တွေနဲ့ တစ်တန်းတစ်စားတည်း မဟုတ်ဘူးဆိုပြီး ကျုပ်တို့ကို နှိမ်လိုက်တာပေါ့။ အစားအသောက်အကစ ခွဲခြားပြီး နှိမ့်ချလိုက်တာပေါ့။ အဲဒါကို ကျုပ် ဝမ်းနည်းတာ၊ မနွယ်နှင်းကတော့ ကျုပ်တို့အားလုံးကို မိသားစုလို စားရာသောက်ရာ နေရာထိုင်ရာ အကုန်ဂရုစိုက်တယ်။ တစ်ပြေးညီ လက်ရေတစ်ပြင်တည်း ထားတယ်။ ကျုပ်တို့ကလည်း သူ့ကို မိသားစုလို ဆက်ဆံတော့ မိသားစုလို သဘောထား ပြုစုတယ်။ လုပ်အားနဲ့ ကျေးဇူးဆပ်တယ်။ အင်းလေး မအေမဲ့က ခွဲခြားဆက်ဆံမှတော့ ကျုပ်တို့လည်း ရောင်းသူဝယ်သူ အသံတူရမှာပေ့ါတော့်"

နှင်းလဝန်း ရင်ထဲမှ ဆို့နင့်နေသည်။ သူက ဒေါ်ကြီးငွေမ လက်ပေါ် ကြီးရသည်သူမို့ ကိုယ်ကြက်သားဟင်း စားနေစဉ် ဒေါ်ကြီးငွေမက ငါးပိရည်စားနေရမှာ သူ မကြည့်ရက်။

"ဒေါ်ကြီးရယ် သူ ဘာပြောပြော လိုတဲ့ အိမ်စရိတ် နှင်းမုန့်ဖိုးထဲက ဖြည့်ပေးမယ်။ ခါတိုင်းလိုပဲ ချက်၊ ဆီစက်ဘက်က လူတွေလည်း အားနာစရာ၊ ကားဆရာ ဘကြီးဆိုလည်း အသက်ကြီးပြီ၊ အသားဟင်းလေးနဲ့ ဝင်ရှာမှာပေ့ါ။ ငါးပိရည်နဲ့ ဘယ်ဖြစ်မလဲ"

"မဖြစ်ပါဘူး နှင်းရယ်၊ သူက ခြိုးခြံချွေတာရမယ်ဆိုတဲ့ စကားကို

သုံးထားတယ်၊ ကိုမင်းမောင်ကလည်း သဘောတူတယ်၊ စကားက လှတယ်လေ၊ ဒါပေမယ့် မြိုးမြိုက်ချွေတာရတာ ငါတို့အောက်ဆုံးလွှာက လူတွေပါပဲတယ်၊ သူကျတော့ စတိုးဆိုင်က ဝယ်လာလိုက်တဲ့ အဝတ်အစားတွေ သုံးသိန်းဖိုးလောက် ရှိတယ်။ သူကတော့ ချွေတာလို့လား”

နှင်းလဝန်း ဖြေစရာ စကားမရှိပါ။ မျက်ရည်တွေနဲ့ လူးနေသည့် ဒေါ်ကြီးငွေမကိုသာ ငေးကြည့်နေမိသည်။ စောကြူက ခုမှ သတိရလာသလို

“မမနှင်း နေ့လယ်က ရာဇာတို့ဆီ သွားနေတုန်း ရေခဲသေတ္တာ အကြီးကြီး ရောက်လာတယ် သိလား၊ အဲဒီ ထဲကို ငါးဖမ်းကုမ္ပဏီက ပုစွန်တွေ၊ ငါးတွေ ထည့်ပေးသွားတယ်၊ စတိုခန်းထဲမှာ ထားတယ်”

နှင်းလဝန်း သက်ပြင်းသာ ချလိုက်ရသည်။ မအေမီက အိမ်ကို ရောက်လာတာနဲ့ တစ်အိမ်လုံး ဖြောင်းဆန်အောင် မွှေနှောက်၍ သူ့စိတ်ကြိုက် လုပ်နေပြီ၊ ရိုးရိုးအေးအေးတွေး၍ ရိုးရိုးသားသား လုပ်တတ်သော မေမေနှင့် ကွာခြားလှချည်လား၊ အရှေ့နဲ့ အနောက်ပမာ ဖြောင့်ဖြောင့်ကြီး တမင် ဆန့်ကျင်ပြနေတာလား၊ ရည်ရွယ်ချက်က ဘာလဲ၊ ဘယ်လောက်ထိ သူ မျှော်မှန်းထားသလဲ၊ မတွေးတတ်အောင် မအေမီ၏ တိုက်ကွက်တွေက လျှင်မြန်သွက်လက်လှတာ သတိပြုမိပါပြီ။ သူ့ကိုရော ဘယ်အချိန်မှာ တည့်တည့်ထိပါးလာမလဲလို့ သူ စိုးရိမ်စိတ်တွေ ဖြစ်လာသည်။ ဒီအကြောင်းတွေကို တစ်ယောက်တည်း မြုံပြီး ရင်စည်းခံလို့တော့ မဖြစ် တိုင်ပင်သင့် တိုင်ပင်ထိုက်သူတွေနှင့် တိုင်ပင်ဖို့ အချိန်ရောက်လာပြီ။ ဒါပေမယ့် မအေမီရယ် ရောက်တာ နှစ်ရက်ပင် မပြည့်သေး နှင်းလဝန်းကတော့ နှစ်ပတ်လောက် ကြာပြီ ထင်ရအောင်ပင် စိတ်ပင်ပန်း လူပင်ပန်း ဖြစ်နေမိပါပြီ။

(၃)

နောက်တစ်နေ့ နံနက်ခင်းတွင် စိတ်မကြည်မလင်နှင့် နိုးလာသော နှင်းလဝန်းသည် ဘယ်သူ့ကိုမျှ မျက်နှာချင်းမဆိုင်ဘဲ အိမ်၏ လက်ယာဘက်တွင်ရှိသော သစ်ပင် တောအုပ် ကလေးထဲသို့ တိုးတိုးတိတ်တိတ် တိုးဝင်လာခဲ့သည်။ မရမ်းပင်၊ သရက်ပင်၊ ပိတောက်ပင် စသော အပင်များက ဆယ်ပေခြား တစ်ပင်ခန့် အကိုင်းတွေယှက်ပြီး နေပြောက်မထိုးအောင် အရိပ်တွေ မိုးပေးနေကြပေမယ့် နှင်းလဝန်းခမျာ စိတ်မချမ်းမြေ့ပါ။ စံကားဝါ၊ စံကားစိမ်းပင်တွေကလည်း ပွင့်ကြွေတွေနဲ့ နှင်းလဝန်းကို ကြိုဆိုကြသလို လေတိုက်တိုင်း မွှေးရနံ့တွေ ဖြာဝေလျက် ရှိသည်။

"နှင်း၊ နှင်း ခြံထဲဆင်းသွားတယ်ဆိုလို့ ငါတို့ လိုက်လာတာ"

ငယ်သူငယ်ချင်းတွေ ဖြစ်ကြသည့် အေးမရယ်၊ ခင်ခင်ရယ်၊ ရာဇာ ရယ်၊ သုဂတင်းရယ်က နှင်းလဝန်းနောက်မှာ တိတ်တိတ်ဆိတ်ဆိတ် လိုက်လာပြီး ရာဇာက အသံပြုလိုက်သည်။

"နှင်း ဘယ်လိုတွေ ဖြစ်ကုန်တာလဲ၊ တို့လည်း ဘာမှ မသိလိုက်ရပါလား"

"နှင်းလည်း ဘာမှ လိုက်မမီတော့ဘူး ရာဇာ၊ အမှန်တကယ်ဆိုရင် နှင်း ဘာမှ မတတ်နိုင်ဘဲ ဖြစ်သွားတဲ့ ကိစ္စတွေက အရမ်းအရှိန် မြန်လွန်းတယ်။ ဘာပြောရမှန်းကို မသိပါဘူး"

"ဦးကိုရော ဘာမှ မပြောဘူးလား"

"ပြောပါဘူးဟယ်။ ပြောလည်း ရမှာမှ မဟုတ်ဘဲ"

ခင်ခင်က "နှင်းရယ် မရတာ ရတာ ထား ပြောတာကတော့

ပြောရမှာပေါ့”

နှင်း ဝမ်းနည်းကြေကွဲစွာဖြင့် ခေါင်းကိုသာ ငုံ့ထားမိသည်။ သူငယ်ချင်းတွေက သူ့ကို သနား ကြင်နာစွာ လာတွေ့ကြမှ အားငယ်ဝမ်းနည်းစိတ်တွေက ဘယ်ကဝင်လာမှန်း မသိ။ မေမေ ထွက်သွားသည့် အချိန်ကတည်းက တင်းထားရသမျှ ပြိုကွဲလုလုဖြစ်လာသည်။ နှင်း တစ်ယောက်တည်း ပြောသလို စကားတွေ ပြောနေမိသည်။

“အဲဒီ နေ့ မနက်က မေမေက ပါတိတ်ဝမ်းဆက် အဝါရောင်လေးဝတ်လို့ ဆိုင်ကယ်ပေါ် တက်ပြီး မောင်းထွက်သွားတာ မြင်လိုက်ရတယ်။ ခါတိုင်းလိုပဲ ရက်ကန်းစင်တွေဆီကို သွားတယ်ထင်တာပေါ့။ ဒါမှမဟုတ် ဆီစက်ထဲမှာ ရှိမယ်ထင်တာပေါ့ ခါတိုင်းလည်း မေမေ ဒီလိုပဲ သွားတာလေ၊ ဒါပေမယ့် မေမေ ပြန်မလာတော့ဘူး”

သူငယ်ချင်းတွေ အားလုံး ငြိမ်နေကြသည်။ နှင်းလဝန်းသာ စကားတွေ ဆက်ပြောနေသည်။

“မေမေက တောသူပါဟာ၊ ဒါပေမယ့် ပညာတတ် ဘွဲ့ရ ကျောင်းဆရာမလေး ဖေဖေနဲ့ ရတော့ ဖေဖေက လစာနည်းနည်းလေး၊ နှင်းကို မွေးပြီး မေမေက စီးပွားရေးလုပ်ရမယ်ဆိုတာ သိတယ်၊ ရွာမှာ ပဲတွေ၊ နှမ်းတွေ ဝယ်ရာ ရောင်းရာက ဆီစက်တည်တယ်။ ရက်ကန်းစင်တည်တယ်၊ ရက်ကန်းစင်တွေကို ချည်ထုပ်ပေးရာက “အပျိုစင်” မြန်မာ့ရိုးရာ အထည်ဆိုပြီး လက်လီလက္ကား ရောင်းတယ်၊ အလုပ်တွေ တရစပ်လုပ်နေပေမယ့် မေမေက ဖေဖေ့ကို ပြုစုပါတယ်။ ဖေဖေ ဆေးခွင့်ယူတော့ မေမေ့ကို ခရီးအမြဲသွားနေရလို့ ဆိုပြီး မယုံသင်္ကာတွေဖြစ်၊ ဂျိုတွေထိုးတယ်။ အဲဒီ မှာ ဇာတ်လမ်းစတာပဲ”

“အဲဒါကြောင့် နှင့်အဖေနဲ့ နှင့်အမေ ကွဲသွားတာလား”

“အဝေးကြီး လိုသေးတယ် အဝေးကြီး”

ရာဇာက မျက်လုံးပြူးပြသည်။ စိတ်ညစ်နေတဲ့ကြားက နှင်းလဝန်း ပြုံးမိသည်။

"ဆက်ပြောဦးဟာ" ဟု အေးမက တိုက်တွန်းသည်။

"မေမေက အမြော်အမြင် အရမ်းကြီးတယ်၊ ငွေကလည်း စုမိဆောင်းမိ ရှိနေတော့ ရွာကနေ ခရိုင်မြို့ကို တက်လာတယ်။ မြို့စွန်က ငါတို့ ခုနေတဲ့ ခြံကြီးကို ဈေးပေါပေါနဲ့ ရတယ်"

"အေးဟဲ့ နင်တို့ ဝယ်တဲ့အချိန်က အိမ်ဈေးတွေ တက်ဦးမှာ မဟုတ်ဘူး"

"မေမေက မြို့ကျက်သရေဆောင် ကန်ဘေးမှာရှိတဲ့ ခြံကြီးကို သုံးပိုင်းပိုင်းတယ်။ အခု ငါတို့ရှိနေတဲ့ တောင်ဘက်ပိုင်းကို အပင်တွေ စိုက်တယ်၊ အလယ်မှာ တိုက်ဆောက်တယ်။ မြောက်ဘက်ပိုင်းမှာ ဆီစက်တည်တယ်။ နည်းပညာကောလိပ်တို့၊ ကွန်ပျူတာကောလိပ်တို့ ဖွင့်တော့ လူတွေက တအားစည်လာတာနဲ့ ပိုတဲ့မြေ ငါးဧကလောက်ကို ဟိုတယ်ဖွင့်ဖို့ လာဝယ်တဲ့ လူတွေကို ရောင်းလိုက်တယ်။ အဲဒီ ပိုက်ဆံနဲ့ မြို့လယ်မှာ ဆေးခန်းကြီး ဖွင့်လိုက်တယ်လေ၊ အလုပ်အားနေတဲ့ ဖေဖေ့ကို ဂုဏ်မငယ်စေချင်တာနဲ့ ဆေးခန်းမှာ တာဝန်ခံ လုပ်ခိုင်းတာ အေမီနဲ့ တွေ့တော့တာပေ့ါကွာ"

အားလုံး သက်ပြင်းချကြသည်။

"မေမေက ဖေဖေ့ကို အမျိုးမျိုး တားပါသေးတယ်။ ဒါပေမယ့် ဖေဖေက တားမရဘူး၊ အခု ငါရပ်နေတဲ့ ပိတောက်ပင်အောက်မှာ ညညဆိုရင် မေမေဆင်းဆင်းပြီး မအိပ်နိုင်ဘဲ ထိုင်ထိုင်နေတာ ငါတွေ့တယ်။ မေမေ့လို ထက်မြက်တဲ့ မိန်းမတစ်ယောက်ဟာ အားလုံးကို စွန့်ပြီး ပစ်ထားခဲ့မယ်လို့ ဘယ်မှာ ထင်မှာလဲ"

အားလုံး ငေးနေကြပြီး ညင်းလေကလေး အသွေးတွင် ပန်းရနံ့လေးတွေ မွှေးမွှေးပျံ့ပျံ့ ပါလာပေမယ့် ဘယ်သူမှ သတိမပြုမိကြ၊ နှင်းလဝန်းကလည်း

တောအုပ်ကလေးကို ငေးနေသည်။

“မေမေက ဒီသစ်ပင်အုပ်စုကလေးကို စနစ်တကျ စိုက်ထားခဲ့တာ အပန်းဖြေချင်ရင် ဒီကိုပဲ လာတယ်။ သိပ်မြတ်နိုးတယ်။ အခု ဒီတောအုပ်ထဲမှာ ငါတစ်ယောက်တည်း မေမေ့ကို လွမ်းနေမယ်ဆိုတာ မေမေသိမှာ မဟုတ်ဘူးနော်။ မေမေ ဘယ်ကို ထွက်သွားတာလဲ၊ တစ်သက်လုံး ပြန်မလာတော့ဘူးလား၊ ငါမသိဘူး၊ နင်တို့ရော သိသလား၊ ငါ့ကို ပြောပြစမ်းပါဟာ”

အားလုံး ငိုင်နေကြသည်။ ရာဇာက သတိဝင်လာသလို လှုပ်ရှားလာပြီး…

“ဟဲ့ ငါအရေးတာ မေ့နေတယ်။ မအေမီက တစ်ယောက်တည်း လာတာ မဟုတ်ဘူးဆို၊ သူ့မောင် ဆိုတာ ပါလာတယ်ဆို၊ အသက်ကလည်း မကြီးသေးဘူးဆို”

အေးမက ရာဇာ၏ ကျောကို ဖျန်းခနဲ ရိုက်လိုက်သည်။ သုတဝင်းက မျက်လုံးပြူး၍

“ရာဇာ မင်းအခုကတည်းက နှင်းလဝန်းစကားပြောရင် ဘာမှ မပြောနိုင်ဘဲ ငေးပြီး နားထောင်နေရသလား၊ မင်း ပြူးပြူးပြဲပြဲနှင့် ငါ့ကိုခေါ်ပြီး အေးမကိုပါ သိမ်းကျုံးပြီးခေါ်လာတာ အဲဒီ ကိုသက်ခိုင်ဆိုတဲ့ လူအကြောင်း မေးမလို့မို့လား၊ အခုမှ မေးရသလား”

ရာဇာ၏ စပ်ဖြဲဖြဲ မျက်နှာကို နှင်းလဝန်းက ခပ်တည်တည် လှမ်းကြည့်သည်။ ရာဇာ မျက်နှာပိုးသပ်ပြီး တည်ငြိမ်သွားသည်။

“ကိုသက်ခိုင်ဟာ မအေမီရဲ့ မောင်အရင်းပါ၊ သူ့ကို ငါက ဘယ်လိုသဘောထားရမယ် ဆိုတာ ငါ့ဘာသာ သိပါတယ်။ အဲဒါကို စိတ်ပူစရာ မလိုပါဘူး၊ ဒါပေမယ့်….”

သူငယ်ချင်းတွေ စိတ်ဝင်စားမှုနှင့် မျက်နှာတွေ စုပြုံသွားသည်။

“ဒါပေမယ့်… ကိုသက်ခိုင်ဟာ မအေမီနဲ့ တစ်သဘောတည်း

မဟုတ်ဘူးဆိုတာ ငါ ခံစားရတယ်။ သူ့စိတ်ရင်း မဆိုပါဘူးဟာ”

“ဟင်...”

“ဟုတ်ရဲ့လား ဟယ်”

အာမေဋိတ်သံတွေ ဆူညံသွားအောင် ရာဇာတို့ သူငယ်ချင်းအုပ်စု အံ့သြခြင်းကြီးစွာ ဖြစ်သွားကြလေသည်။

(၄)

အဲဒီ နေ့က နှင်း အားရှိလိုက်တာ အရမ်းပဲ။ မေမေထွက်သွားပြီး နေ့ကစပြီး ဒီနေ့ဟာ နှင်းအတွက် အားပေးဖော်တွေ ရောက်လာတဲ့နေ့မို့ နှင်း ဖြေသိမ့်ရစ ပြုလာပြီလို့ ကိုယ့်ကိုယ်ကို ထင်မိသည်။ သူတဝင်းတို့ အဖေ ရှေ့နေကြီး ဦးကျော်ဝင်းက နှင်းကို တူမသမီးလို သဘောထားသူမို့ ပိုင်ဆိုင်မှုကဏ္ဍတွေ ဘယ်လိုလုပ်ချင်သလဲ အခုကတည်းက ရှင်းလင်းထားဖို့ သုတဝင်းကတစ်ဆင့် သတိပေးစကား ပါးလိုက်သည်။ ဒါပေမယ့် ခက်တေနာက မေမေကိုယ်တိုင် ပိုင်ဆိုင်မှုတွေ စာချုပ်စာတမ်းတွေ အထွေထွေကိုယ်စားလှယ် လွှဲစာတွေ တစ်ရွက်မှ ယူဆောင် သွားခြင်း မရှိပေ။ အားလုံး မေမေ့အလုပ်စားပွဲ အံဆွဲထဲမှာ သောတောင်မခတ်ဘဲ ထားပစ်ခဲ့တာ ဖေဖေတွေ့ရ၍ ဖေဖေပဲ သိမ်းသွားသလား၊ မအေမီပဲ သိမ်းသွားသလားဆိုတာ နှင်းလဝန်းပင် မသိပေ။ မှတ်မှတ်ရရ မေမေ မသွားခင် တစ်ညက အမှတ်တမဲ့လိုလိုနှင့် နှင်းအခန်းထဲ ဝင်လာပြီး အတွင်းပစ္စည်း လက်ဝတ်လက်စားထည့်သည့် ယွန်းဘူးလေးကို နှင်းကို ပေးခဲ့လို့ သိမ်းထားခဲ့ရတာ ပဲ ရှိသည်။ ဒါတွေ နှင်း မမက်ပါ။ မေမေ ပြန်လာလျှင် ပြီးရော၊ ပစ္စည်းတွေကို ဘာလုပ်ရမှာလဲဆိုတော့ ဦးကျော်ဝင်းက လုံးဝအသိမပေးဘဲ သိမ်းထားပါလို့ အကြံပေးခဲ့သည်။

ဒါပေမယ့် ဒီနေ့မှာတော့ မအေမီက နှင်းကို တိုက်ရိုက်မေးလာခဲ့သည်။ မေးပုံကလည်း ပညာသားပါသည်။ နှင်းအခန်းထဲကို ရောက်လာသည့် မအေမီသည် ချိတ်လုံချည် ဇာအကျႌပဝါစုံနှင့် ပွဲနေပွဲထိုင်တက်ရန် ပြင်ဆင်ပြီး မိတ်ကပ်အပြည့်နှင့် သဇင်ပန်းနှင့် ဖြစ်သည်။ သူလက်ဆွဲခေါ်လာသည့် ဖေဖေကလည်း ယောပိုးလုံချည်နှင့် ပိုးတိုက်ပုံအကျႌနှင့် သားနားခန့်ညား၍ နေသည်။ လူတွေက လူချောလူလှတွေမို့ လှပနေသလို စကားလေးတွေကလည်း

ချိုမြလှပလို့နေသည်။

"နှင်းရေ... မအေမီး လှလားဟင်"

ပြုံးနေသည့် မျက်နှာလေးနှင့် မေးတော့ နှင်းကလည်း ခြေဆုံးခေါင်းဆုံး ကြည့်ပြီး အမှန်ပင် ဖြေပါသည်။

"လှပါတယ် မအေမီ သိပ်လှပါတယ်"

မအေမီက အလွန်ကြည်လင်ချိုသာသည့် ဆည်းလည်းသံလေးနှင့် ရွှင်မြူးစွာ ရယ်မောပြီး ဖေဖေ့ကို လှမ်းကြည့်သည်။

"ကဲ နှင်းက လှယ်ပြောနေပြီ၊ အစ်ကိုကြီး တာဝန်ပဲ ကျန်တော့တယ် ဘယ်နှယ့်လဲ"

ဖေဖေကတော့ ပုံမှန်လေသံနှင့်

"ဖေဖေတို့ မြို့တော်ခန်းမ အလှူတစ်ခု သွားမလို့ နှင်း၊ နှင်းမေမေရဲ့ လက်ဝတ်လက်စား တွေထဲက တစ်စုံလောက်..."

"အို... အပိုင်မဟုတ်ဘူးနော်၊ ခဏတစ်စုံလောက် ငှားပါလို့ နှင်းကို မအေမီက တောင်းပန်နေတာပါ ခဏလေးပါ နှင်းရယ်၊ အေမီက ဒီအတိုင်းသွားလို့ ရတယ်လို့ အစ်ကိုကြီးကို ပြောပါတယ်။ အစ်ကိုကြီးက ဦးမင်းမောင်ရဲ့ မိန်းမဟာ လည်ပင်းဟောင်းလောင်းနဲ့ သွားလို့ ရမလားဆိုပြီး နှင်း ဆီကို ခေါ်လာတာ၊ အဲဒါ"

နှင်း ချက်ချင်း ဆုံးဖြတ်ချက် ချလိုက်သည်။ မအေမီစကားတွေကို နားမထောင်တော့ဘဲ ချက်ချင်း သော့ဖွင့်ကာ မေမေ့ လက်ဝတ်လက်စားတွေထဲက စိန်တစ်ဆင်စာကို အမြန်ယူပေးလိုက်သည်။ မအေမီကလည်း ပိုးချိတ်အဖြူဝတ်လာတာမို့ စိန်နဲ့ လိုက်ဖက်ပါသည်။ ပုံဆန်းဆန်းကလေး လုပ်ထားသည့် ဘယက်ကို လက်ဝါးပေါ်တင်ကြည့်ပြီး မအေမီက "လှလိုက်တာကွယ်၊ နှင်းကို ကျေးဇူးတင်လိုက်တာ ဆက်ဆက်ပြန်လာပေးမယ်နော်"

ဟု ရွှန်းရွှန်းဝေ ရေရွတ်ရင်း ဖေဖေနှင့် နှစ်ယောက်တွဲ ထွက်ခွာသွားတာကို ကြည့်ပြီး အိပ်ယာပေါ်မှာ နှင်း အရုပ်ကြိုးပြတ် ပုံလျက် လဲကျကျန်ရစ်ခဲ့လေသည်။

ငိုရမှာ မျက်ရည်မရှိတော့၍ မကျတော့ပါ။ ထုံပေသော စိတ်နှင့် ရင်ထဲမှာ ဗလာဟင်းလင်း ဖြစ်လျက် နံရံတစ်နေရာကို စိုက်ကြည့်ပြီး နှင်း ငြိမ်သက်နေမိသည်။ ဧည့်ခန်းထဲမှာ ဖြုတ်လာပြီး နှင်း အိပ်ခန်း ကုတင်ခေါင်းရင်းမှာ ချိတ်ထားသည့် မေမေ့ပုံကတော့ ပကတိအပြုံးကို ဆောင်ထားမြဲ ဖြစ်သည်။ နှင်း ကတော့ မပြုံးနိုင်ပါ မေမေ။ မေမေ ရက်စက်တယ်။ နှင်းကို တစ်ယောက်တည်း ထားပစ်ခဲ့တယ်။ နှင်း ဘာလုပ်ရမှာလဲ၊ တစ်ခုပြီး တစ်ခု ထိပါးသိမ်းပိုက်လာသော မအေမီကို နှင်း ဘယ်လိုတုံ့ပြန်ရမှာလဲ။ နှင်း လက်တုံ့ပြန်ခဲ့ရင်လည်း ကြားထဲမှာ ဖေဖေက ရှိနေသည်။ ဖေဖေ့မျက်နှာကို ထောက်ထားပြီး နှင်း ငြိမ်ငြိမ်သက်သက်ကလေး နေပေးတာက ပြဿနာကို ရှောင်ရာကျမလား၊ နှင်း ခေါင်းတွေ မူးနောက်လာသည်။

"နှင်းလေး သံပုရာရည် သောက်မလားဟင်၊ နှင်း ခေါင်းတွေ နောက်နေတာမို့လား"

စောကြူက အခန်းထဲ ဝင်လာပြီး သံပုရာရည်ခွက်ကို အိပ်ယာနံဘေး စားပွဲခုံပေါ်တွင် ချလိုက်သည်။ ပြီးတော့...

"ဒေါ်ကြီးငွေက ဖျော်ပေးလိုက်တာလေ၊ နှင်းဖေဖေနဲ့ ဟိုမိန်းမ နှင်းအခန်းထဲကို ဝင်သွားတယ်။ ဟိုမိန်းမ မြူးထူးပြီး ထွက်လာတယ်။ ဒေါ်နွယ်နှင်းရဲ့ စိန်တစ်ဆင်စာကိုလည်း သူ့ကိုယ်ပေါ်မှာ တွေ့လိုက်ရတယ်ဆိုတော့ နှင်း ဆီက တောင်းသွားတာပဲ ဖြစ်မယ်။ နှင်း စိတ်ဒုက္ခရောက်နေမှာ သေချာတယ်ဆိုပြီး ဒေါ်ကြီးက လွှတ်လိုက်တာ"

နှင်း ကျေးဇူးတင်စွာဖြင့် သံပုရာရည်ခွက်ကို ယူသောက်လိုက်သည်။ အလိုက်သိလိုက်တာ၊ နှင်းကို ဂရုစိုက်လိုက်တာ။ နှင်း တစ်စုံတစ်ခုကို စဉ်းစားမိပြီး ဖျတ်ခနဲ ဖြစ်သွားသည်။

"ဒါနဲ့ စောကြူရယ် ညည်းတို့ ထမင်းစားရတာ ကော အဆင်ပြေကြရဲ့လား၊ နင်တို့က ထားပါတော့ ဒေါ်ကြီးတို့၊ ဒရိုင်ဘာ ဦးကြီးတို့ လူကြီးတွေရော စားနိုင်ကြရဲ့လား ဟင်"

စောကြူ ခေါင်းငုံ့သွားသည်။ မျက်နှာမော့မလာဘဲ ဟုတ်ကဲ့ဟု ဖြေသော အသံ တိုးတိုးလေးက အဆင်ပြေတယ်။ အဆင်မပြေဘူး ပြောပြနေတာမို့ နှင်း သက်ပြင်းချလိုက်ရသည်။